ဆန်းချီကျေးရွာ

ထားဝယ်မြို့နယ်၊ တားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆန်းချီကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဆန်းချီကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၆ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၈ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။

ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၇**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ဆန်းချီကျေးရွာ**

**ထားဝယ်မြို့နယ်**

# ဆန်းချီကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဆန်းချီကျေးရွာသည် ထားဝယ်မြို့၏အရှေ့ဘက် (၁၀)မိုင်အကွာဝေးသော ပကာရီကျေးရွာမှတောင်ဘက်သို့ (၂)မိုင်ခန့်အကွာ အဝေးတွင်တည်ရှိပြီး ကျောက်ခင်းလမ်းဖြင့် ဖောက်လုပ်ထားသည်။ ကျေးရွာသည်ကုန်းမြင့်ပေါ်တွင်တည်ရှိ၍ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ဥယျာဉ်ခြံစိုက်ပျိုးသောလုပ်ငန်းဖြစ်သည်။ ကုန်းမြင့်ပေါ်တွင်တည်ရှိသောကြောင့် မိုးရာသီချောင်းရေလျှံလျှင် တံတားပျက်စီးခြင်းမှအပကျန် အန္တရာယ်များမှကင်းဝေးသည်။ တောတောင်များပေါများခြင်းကြောင့် ဥယျာဉ်ခြံလုပ်ငန်းအတွက်အထူး ကောင်းမွန်သည်။ လယ်ယာမြေစိုက်ပျိုးရန်အတွက် မြေပြန့်များရှားပါးသည်။ နှစ်စဉ်ချောင်းရေလျှံသဖြင့် ရွာတွင်းရှိသောတံတားများမှာ ကြံ့ခိုင်မှုအားနည်းခြင်းနှင့်ပြုပြင် ရန်လိုအပ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဆန်းချီကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၃) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ဆန်းချီကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၈၀နှင့်၁၀၀) လက်မရှိပါသည်။ ဥယျာဉ်ခြံမြေ အသင့်အတင့်ရှိပြီး တောင်တန်းပေါများသောကြောင့် မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ ရွာ၏မြောက်ဘက်ပိုင်းမှသတ္တုများကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။ မိုးရာသီတွင် ရွာသားများမှ ချောင်းအတွင်းတွင် သတ္တုကျင်ကြသည်။ အဓိကစိုက်ပျိုးသော ဥယျာဉ်ခြံမြေအများအပြားရှိသည်။ ရာဘာ၊ကွမ်းသီးကို အဓိကစိုက်ပျိုးကြ၍ ရှောက်၊ သံပုရာ၊ ဒူးရင်း ၊ မင်းကွတ်နှင့် အခြားသီးစားပင်များကို စိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လူမှုရေးအသင်း၊ လူငယ်အဖွဲ့များသည် ရွာလူထုမှ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးအဖွဲ့များကို ရွာလူထုအင်အားဖြင့် ဖွဲ့စည်းထားသောအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။ အဖွဲ့အစည်းများသည် ပူးပေါင်းဆောင်ရွက်နိုင်မှု အသင့်အတင့်ရှိကြပါသည်။ ဆန်းချီကျေးရွာတွင် World Vision အဖွဲ့အစည်းမှ စိမ့်စမ်းရေသွယ်တန်းပေးပါသည်။ ၄င်းအဖွဲ့များမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အမြဲတမ်းလာရောက် နိုင်ခြင်းမရှိပေ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ယခင်က ချောင်းနံဘေးနေရာများတွင် လယ်မြေများရှိခဲ့သော်လည်း ယခုအချိန်တွင် ယင်းလယ်မြေများမှာ ချောင်းရေလျှံခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် စပါးစိုက်ပျိုး၍ မဖြစ်ထွန်းတော့ပေ။ ထိုကြောင့် နွေရာသီတွင် ကိုင်းစိုက်ရန်မျှသာ သင့်တော်တောသည်။ ဥယျာဉ်ခြံမြေများတွင် သီးနှံများ အသင့်အတင့်ထွက်သော်လည်း စိုက်ပျိုးရေးပညာနှင့် သဘာဝမြေသြဇာများ သုံးစွဲရာတွင် ကျွမ်းကျင်မှုမရှိသောကြောင့် ပိုးကျခြင်း၊ မြေဆီလွှာအားနည်းခြင်းတို့ ဖြစ်ပေါ်စေသည်။

ကျေးရွာအတွင်း မြေယာမဲ့များမှာ (၁၉.၆%)တွေ့ရ၍ ဆင်းရဲသူများပြားသည်။ ၄င်းမြေယာမဲ့များသည် တောင်သူကြီးများနှင့် အခြားအခြေခံအဆင့်ရှိသူများထံတွင် နေ့စားဝင်လုပ်ကြသည်။ ကျေးရွာတွင် ဆင်းရဲသည့်တောင်သူနှင့် အလတ်အလယ်တောင်သူများပြားပြီး တောင်သူကြီးများမှာနည်း ပါးပါသည်။

လယ်ယာများမရှိသောကြောင့် ဆည်များလည်းမရှိပါ။ ကျေးရွာအတွင်း အသုံးပြုရန် လက်ငင်ရေတွင်းနှင့် World Vision မှ ပြုလုပ်ပေးသော စိမ့်စမ်းရေကန်ကို ရွာသူ/သားအားလုံး တစ်နှစ်ပတ်လုံးအသုံးပြုကြရပါသည်။ ချောင်းရေကို အခြားစိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြုကြပါသည်။

အဓိကသီးနှံအဖြစ် ရာဘာ၊ ကွမ်းသီး၊ သံပုရာပင်များကို စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် သဘာဝမြေသြဇာများ အသုံးပြုရာတွင် ကျွမ်းကျင်မှုမရှိခြင်းကြောင့် မြေဆီလွှာပျက်ဆီးမှုများနှင့် ပိုးမွှားအန္တရာယ်များကျရောက်သည်။ သီးနှံများအား စျေးကွက်နှင့်လက်လှမ်းမမီပါ။ ယခုအချိန်တွင် ပြည်ပမှဝင်ရောက်လာသော သီးနှံများကြောင့် စျေးကွက်နည်းပါးလာပါသည်။မြက်ရိတ်စက်မှာ အသင့်ရှိနေပြီး ကိုယ်ပိုင်စိုက်ပျိုးမြေများ အတွက်နှင့်နေ့စားလုပ်သားများအတွက် တောရှင်းရန်အသုံးပြုကြပါသည်။

ယခင်ကမြေလွတ်မြေရိုင်းများတွင် သီးပင်စားပင်များ စိုက်ပျိုးလာကြသည်။ မြေသြဇာ၊ အရင်းအနှီး၊ ဆေးဝါးများမှာ တောင်သူများအတွက် အရေးကြီးသော လိုအပ်ချက်များဖြစ်နေပါသည်။ သွင်းအားစုများအတွက် ချေးငွေအစီအစဉ်များ ရရှိလာခဲ့လျှင် နှစ်ရှည်သီးနှံစိုက်ပျိုးမှုကို အထောက်အပံ့များစွာ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ရေအရင်းအမြစ်ရှိသော်လည်း ငွေကြေးမတတ်နိုင်ပါသဖြင့် မသွယ်တန်းနိုင်ပါ။

ယခင်ကမြေလွတ်မြေရိုင်းများတွင် သီးပင်စားပင်များ စိုက်ပျိုးလာကြသည်။ မြေဩဇာ၊ အရင်းအနှီး၊ ဆေးဝါးများမှာ တောင်သူများအတွက် အရေးကြီးသော လိုအပ်ချက်များဖြစ်နေပါသည်။ သွင်းအားစုများအတွက် ချေးငွေအစီအစဉ်များ ရရှိလာခဲ့လျှင် နှစ်ရှည်သီးနှံစိုက်ပျိုးမှုကို အထောက်အပံ့များစွာ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ရေအရင်းအမြစ်ရှိသော်လည်း ငွေကြေးမတတ်နိုင်ပါသဖြင့် မသွယ်တန်းနိုင်ပါ။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

နွား၊ ဝက်၊ ကြက်နှင့် ဘဲစသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သူနည်းပါးသည်။ စားကျက်မြေနည်းပါးခြင်း၊ မြေနေရာအလုံအလောက်မရှိခြင်းနှင့် အရင်းအနှီးအခိုင်အမာ မရှိခြင်းတို့ကြောင့်ဖြစ်သည်။ မွေးမြူရေးကဏ္ဍတိုးတက်စေရန်အတွက် မြေနေရာ၊ အရင်းအနှီးများနှင့် စိုက်ပျိုးရေး နည်းပညာများ ရရှိရန်လိုအပ်ပါသည်။

မြစိမ်းရောင်ချေးငွေရှိသော်လည်း ဆင်းရဲသူများပြား၍ လုံလောက်မှုမရှိပါ။ ကူးစက်ရောဂါများ တခါတရံကျရောက်တတ်သော်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကူအညီရရှိပါသည်။ နည်းပညာနည်းပါးသောကြောင့် သင်တန်းများလိုအပ်ပါသည်။ လိုင်စင်နှင့် လေလံအတွက် လက်လှမ်းမီမှုမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လုပ်ငန်းများဝင်ရောက်လုပ်ကိုင်သူ အများစုမှာ အမျိုးသားများဖြစ်ပါသည်။ အမျိုးသမီးအများစုမှာ အလုပ်အကိုင်နည်းပါးကြပါသည်။ အမျိုးသမီးများအတွက် အိမ်တွင်းလက်မှုအတတ်ပညာများ လိုအပ်ပါသည်။ အမျိုးသားများ အလုပ်လုပ်နေချိန်တွင် အိမ်တွင်ကျန်ခဲ့သော အမျိုးသမီးများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရနိုင်ရန်ဖြစ်သည်။ အချို့သော အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ဘောင်တန်း အလုပ်လုပ်နေကြပါသည်။

ကျေးရွာတွင် ကျဘမ်းအလုပ်သမား အများစုမှာ တည်မြဲသော လုပ်ငန်းများတွင် နည်းပါး၍ တစ်လလျှင် (၁၀) ရက်ခန့်သာ လုပ်ကိုင်ရသောသူများမှာ ရာခိုင်နှုန်းများသည်။ ပန်းရံ၊ လက်သမားလုပ်ကိုင်သောသူများမှာ အလုပ်ချိန်နည်းပါးခြင်း၊ စက်ချုပ် စသောလုပ်ငန်းများတွင်လည်း အိမ်တွင်းစက်ချုပ်သူများသာရှိသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**ချေးငွေကို မြစိမ်းရောင်မှချေးသော်လည်း ချေးငွေရရှိမှုနည်းသောကြောင့် အချို့သော လုပ်ငန်းများအတွက် အခက်အခဲများကြုံတွေ့နေရပါသည်။ ချေးငွေထုတ်ချေးမှု များစွာလိုအပ်လျက်ရှိပါသည်။**

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သယ်ပို့ဆောင်ရေးအတွက် စက်ဘီး(၁၆)စီး၊ ဆိုင်ကယ်(၁၀၉)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ကား(၃)စီးနှင့် နွားလှည်း(၁)စီးရှိသည်။ စက်ဘီး၊ ဆိုင်ကယ်များကို သွားလာရန်အတွက် အသုံးပြုကြသည်။ မော်တော်ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များကို စီးပွားဖြစ်အသုံးပြုသည်။ ခရီးဝေးသွားလာသူများသာ မော်တော်ကားကို အသုံးပြုကြသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ကျေးရွာ၏အရေးကြီးလိုအပ်လျက်ရှိဆုံးဖြစ်သည်။ ကျေးရွာအတွင်း ကျောက်ခင်းလမ်းများဖြစ်၍ ပွင့်လင်းရာသီ တွင် ပြုပြင်၍ သွားလာရချောမွေ့သော်လည်း မိုးရာသီတွင် မိုးရေတိုက်စားမှုကြောင့် ကျောက်သားများပေါ်သွားသဖြင့် မော်တော်ယာဉ်သွားလာရာတွင် အန္တရာယ်ဖြစ်စေသည်။ လမ်းပန်းဆက်သွယ်ရေးကို အမှီပြု၍ လုပ်ကိုင်နေရသော ရွာသားများအတွက် အခက်အခဲဆုံးဖြစ်ရပါသည်။

ပေါက်တိုင်းချောင်းကိုဖြတ်၍ ကျေးရွာအတွင်း ဝင်ရောက်ရပါသည်။ ပေါက်တိုင်းချောင်းဖြတ်၍ တည်ဆောက်ထားသော သစ်သားတံတားမှာ တည်ဆောက်ခဲ့သော နှစ်ကာလကြာမြင့်နေ၍ နှစ်စဉ်နှစ်တိုင်းပြုပြင်ကာ သွားလာရသည်။ တခါတရံမိုးရေကြီး၍ ၄င်းတံတားပြိုသွားတတ်ပါသည်။ ၄င်းအချိန်တွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများ သွားလာရေးအတွက် အခက်အခဲဖြစ်ရပါသည်။ ၄င်းအပြင် ကျေးရွာသို့လာရောက်ပညာသင်ပေးနေသော မူလတန်းဆရာ/ဆရာမများ အတွက်လည်း သွားလာရခက်ခဲလှပါသည်။ လမ်း/တံတား ပျက်စီးခြင်းကြောင့် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးအပြင် ပညာရေး၊ ကျန်းမာရေးအတွက်လည်း ဆိုးရွားသောအခြေအနေ ရောက်ရှိနိုင်ပါသည်။

မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာပြီး ကုန်းလမ်း ပို့ဆောင်ရေးကိုသာ အဓိကအားထားအသုံးပြုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

**ကျေးရွာအတွင်း ဓါတ်အားလိုင်းကို လွန်ခဲ့သော (၆)လခန့်မှ စတင်ရရှိခဲ့ပါသည်။ ဆင်းရဲသောမိသားစုနှင့် ဓါတ်အားလိုင်းမရောက်နိုင်သောနေရာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ဆိုလာများကို လာရောက်တပ်ဆင်ပေးထားပါသည်။ ဒီဇယ်သုံးအင်ဂျင်အသုံးပြုသော အိမ်ထောင်စု(၃)ရှိသည်။**

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မည်သည့် ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။ ဂြိုလ်တုစလောင်း၊ ရေဒီယို စသောလေလှိုင်းများမှ သတင်းနှင့် အသိပညာဗဟုသုတအထွေထွေရရှိပါသည်။

၆။ ပညာရေး

ပညာရေးနှင့်ပတ်သက်၍ ကျေးရွာအတွင်း မူလတန်းကျောင်းတွင် ပညာသင်ကြားမှု များသော်လည်း အလယ်တန်း၊ အထက်တန်းသို့ ဆက်လက်ပညာသင်ယူရန် ငွေကြေးအဆင်မပြေခြင်း၊ အလုပ်အကိုင်နည်းပါးခြင်း၊ ကျောင်းသားမိဘများမှ အသိပညာနည်းပါးခြင်းတို့ကြောင့် အများစုမှာ မူလတန်းပညာရေးတွင်သာ ဆုံးခန်းတိုင်ကြရပါသည်။ လက်ရှိမူလတန်းတက်ရောက် နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ်အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

ဆန်းချီကျေးရွာသည် (၁) နှင့် (၂) ဟူ၍နှစ်ရွာခွဲထားသောကြောင့် မူလတန်းကျောင်းမှာ (၂) ကျောင်းရှိပါသည်။ ကျောင်းဆရာမဦးရေ လုံလောက်မှု ရှိပါသည်။

မူလတန်းပညာတက်မြောက်ပြီးသော ကျောင်းသူ/သားများသည် ငွေကြေးမတတ်နိုင်သောကြောင့် အလယ်တန်းပညာဆက်တက်ရန် ခက်ခဲပါသည်။ အများအားဖြင့် မူလတန်းပညာရေးတွင်သာ ဆုံးခန်းတိုင်ကြရသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မိုးများပြီး တောတောင်ထူထပ်သောကြောင့် သွေးလွန်ဖြစ်ရန်အလား လာပိုများခြင်းကြောင့် သက်ဆိုင်ရာဌာနများ အသိပညာပေးခြင်းများလည်းလိုအပ်သည်။ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်နှင့် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးဝါးကုသနိုင်ရန်နှင့် ကာကွယ်ဆေးထိုးနှံမှုများအတွက် ကျေးလက်ကျန်းမာရေးဌာနရှိရာ ကျေးရွာတွင် သွားရောက် ကုသ ခံယူကြရသည်။ ကျေးရွာအတွင်းတွင်လည်း စေတနာဝန်ထမ်းများရှိသောကြောင့် အရေးပေါ်အ ခြေအနေများကြုံလာပါက အရေးပေါ်ကုသနိုင်ခြင်းတို့ကြောင့် အသက်အန္တရာယ်ကြုံတွေ့မှုမှ လွတ်မြောက်ရပါသည်။ တခါတရံ လမ်းနှင့်တံတားများ ပျက်စီးနေချိန်တွင်သာ သွားလာရ အခက်အခဲပါသည်။

ဆန်းချီကျေးရွာသူ/သားများသည် ကျန်းမာရေးကုသခံယူရန် ပကာရီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသကြရသည်။ ၄င်းဌာနတွင် ကျန်းမာရေးမှူး၊

သားဖွားဆရာမ၊ ကြီးကြပ်(၁)နှင့် ကြီးကြပ်(၂)တို့ရှိပါသည်။ ဆေးဝါးလုံ လောက်မှုနည်းပါးပြီး ကုတင်လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါ သည်။ ထိုကြောင့် အတွင်းလူနာ ကုသနိုင်ခြင်းမရှိပါ။ ကျန်းမာရေးဌာနမှ ဆရာမများ ဖွင့်လှစ်ထားသော ဆေးဆိုင်များ ရှိပါသည်။ အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက ထားဝယ်မြို့သို့ သွားရောက်ကုသရပါသည်။

ကျေးရွာအတွင်း World Vision မှ တည်ဆောက်လှူဒါန်းပေးထားသော စိမ့်စမ်းရေကန်တစ်ခုရှိ၍ မိုးရာသီနှင့် ဆောင်းရာသီတွင် ရေ လုံလောက်စွာ အသုံးပြုနိုင်သော်လည်း နွေရာသီ ရေရှားပါးချိန်တွင် လက်ငင်းရေတွင်းကို အားထားရသည်။ ကုန်းမြင့်နေရာများတွင် တူးဖော်ထားသော လက်ငင်းရေတွင်းများမှာ နွေရာသီ ရေခမ်းခြောက်၍ မြေနိမ့်များတွင် ကား/ထော်ဂျီလာ/သုံးဘီးဆိုင်ကယ်များဖြင့် သယ်ယူအသုံးပြုကြရပါသည်။

ကျေးရွာရှိ တချို့ယင်လုံအိမ်သာများမှာ ယင်မလုံပါ။ ကျင်းတက်နှင့် မြေပေါ်အိမ်သာကို အသုံးပြုသောမိသားစုများလည်း ရှိပါသေးသည်။ တချို့နေရာများတွင် အိမ်သာတစ်လုံးတည်းကို အိမ်ထောင်စု(၃)စု အသုံးပြုကြသည်။ ထို့ကြောင့် အိမ်သာများ စနစ်တကျ အသုံးပြုတတ်စေရန် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးသင့်ပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆန်းချီကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် သက်ရွယ်အိုဖိုနှစ်နှင့်အထက် ပုဂ္ဂိုလ်များ၊ အမျိုးသမီးများ ဦးဆောင်သည့် အိမ်ထောင်စုများမှာ ထိခိုက်အလွယ်ဆုံး ဖြစ်သည်။ မုဆိုးဖို တစ်ခုလပ်ဦးဆောင်သည့် မိသားစုများမှာလည်း ထိခိုက်လွယ်မှုတို့ဖြစ်နိုင်ပါသည်။ ထိုသူတို့သည် ကျပန်းလုပ်၍ ဝမ်းစာရေးကို ဖြေရှင်းနေရပါသည်။

ဆန်းချီကျေးရွာ၏ ထိခိုက်လွယ်မှု အခြေအနေမှာ နှစ်စဉ် မိုးရာသီ ရေလွှမ်းခြင်း ဖြစ်သည်။ သဘာဝဘေးအန္တရာယ်မှာ တစ်ခါတစ်ရံကျရောက်သော်လည်း ဆိုးရွားမှု မရှိလှပါ။ ကျေးရွာတွင် အများအားဖြင့် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါတို့ အဖြစ်များပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဆန်းချီကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၁၂)စုနှင့် လူဦးရေ စုစုပေါင်း (၆၅၆)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၃၈)ဦးရှိပါသည်။ သို့သော် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၂%)နှင့် မှီခိုသူ(၃၈%)ခန့်ရှိပါသည်။ အလုပ်လုပ်နိုင် သော လူဦးရေများပြားမှုကြောင့် လူ့သားအရင်းအမြစ်ကောင်းများ အပြင် ကျေးရွာဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ ပေးနိုင်ပါသည်။

ပုံမှန်မဟုတ်သော နေ့စားသမားများ၏ဝင်ငွေမှာ အမျိုးမျိုးဖြစ်ပြီး အများဆုံး

လုပ်ကိုင် သောအလုပ်မှာ ဥယျာဉ်ခြံနေ့စား များသည်။ တခြားအလုပ်များဖြစ်သော ပန်းရံ၊ လက်သမား၊ သတ္တုမိုင်းလုပ်သား၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်သားများလည်း ရှိသည်။ အဓိကအလုပ်အကိုင်အဖြစ် အသက်မွေးရသောအလုပ်သည် ကိုယ်ပိုင် ဥယျာဉ်ခြံနှင့် အငှားလုပ်ကိုင်သောအလုပ်ဖြစ်သည်။

စာတတ်မြောက်မှုစာရင်းအရ မူလတန်းပညာရေးဖြင့်သာ ပြီးဆုံးသူပေါ များသည်ကို တွေ့ရ၍ အတန်းပညာတတ်မြောက်မှု နည်းပါးသည်ကို လေ့လာ တွေ့ရှိရပါသည်။ အလယ်တန်းအဆင့်သို့ တက်ရောက်ပြီး မိသားစုအခြေအနေမပြေလည်၍ အလုပ်ခွင်သို့ ဝင်ရောက်ရသော သူကပေါများသည်။ စာမတတ်သူဦးရေမှာ အသက်အရွယ်အိုမင်း နေသော သူများသာတွေ့ရသည်။ ဆင်းရဲနွမ်းပါးသော မိသားစုများ၏ ကလေးများသည် အများအားဖြင့် မိသားစုအရေးအတွက် ပညာရေးကို လျစ်လျူရှု၍ အလုပ်ခွင်သို့ ရောက်ကုန်ကြသည်။ စာတတ် မြောက်မှုနှုန်းမှာ ၉၇ ရာခိုင်နှုန်း ခန့်ရှိသည်။

ပညာရေးနှင့် ပတ်သက်၍ ကျေးရွာအတွင်း မူလတန်းကျောင်းတွင် ပညာသင်ကြားမှုများသော်လည်း အလယ်တန်း၊ အထက်တန်းသို့ ဆက်လက်ပညာသင်ယူရန် ငွေကြေးအဆင်မပြေခြင်း၊ အလုပ်အကိုင်နည်းပါးခြင်း၊ ကျောင်းသားမိဘများမှ အသိပညာ နည်းပါးခြင်းတို့ကြောင့် အများစုမှာ မူလတန်းပညာရေးတွင်သာ ဆုံးခန်းတိုင်ကြရပါသည်။ လက်ရှိ မူလတန်းတက်ရောက် နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါ သည်။

ကျေးရွာအတွင်း အမျိုးသမီးများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဖက် တစ်လမ်းမှ ဝင်ရောက်ကူညီလျက်ရှိပါသည်။ ကျေးရွာသူ/သားများသည် တစ်ဦးနှင့် တစ်ဦး မိသားစုဝင်များကဲ့သို့ နေထိုင်ကြသောကြောင့် အကြမ်းဖက်မှုများ မရှိပါ။ သို့သော်လည်း အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှုမှာ အားနည်းနေဆဲဖြစ်သည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပကာရီ | | | ကျေးရွာအမည် - ဆန်းချီ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ငွေကြေး | အသေးစား | အသေးချေးငွေရရှိအောင်ဆောင်ရွက်ပေးခြင်း။ | |
| ၂ | ပညာရေး | ကျောင်း၊အဆောက်အဦ၊ပရိဘောဂ သင်ထောက်ကူ | မူကြိုကျောင်းပြုပြင်ခြင်းနှင့် သင်ထောက်ကူပစ္စည်းဖြည့်တင်းခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းကွန်ကရစ်ခြင်းခြင်း(၃၃၇'×၁၂'×၆") | |
| ၄ | အခြေခံအဆောက်အဦ | ရေ | စိမ့်စမ်းရေးသွယ်တန်းခြင်း(၁မိုင်) | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း(၂မိုင်×၁၂'×၆") | |

နောက်ဆက်တွဲ (၁)

## ဆန်းချီကျေးရွာ၊ ပကာရီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်လွင် | ဦးညဏ်ကြည် | ၆/ထဝန (နိုင်) ၀၄၄၄၀၄ | ၅၈ | နယက | |
| ၂ | ဦးတင်အေး | ဦးမိုးညီး | ၆/ထဝန (နိုင်) ၀၄၃၅၃၃ | ၇၀ | ဥက္ကဌ | |
| ၃ | ဦးညွှတ်ဟန် | ဦးဘရှင် | ၆/ထဝန (နိုင်) ၀၄၃၄၆၈ | ၅၉ | စာရင်းစစ် | |
| ၄ | ဦးအောင်ရွှေ | ဦးတင်အေး | ၆/ထဝန (နိုင်) ၀၄၃၇၂၀ | ၄၇ | စာရင်းကိုင် | |
| ၅ | ဦးအောင်ဇော်မိုး | ဦးတင်သိန်း | ၆/ထဝန (နိုင်) ၀၈၄၄၅၈ | ၃၈ | အဖွဲ့ဝင် | |
| ၆ | ဦးမင်းလတ် | ဦးတင်သိန်း | ၆/ထဝန (နိုင်) ၀၈၄၄၅၈ | ၄၀ | ဘဏ္ဍာရေးမှူး | |
| ၇ | ဦးစံတင် | ဦးပန်းမြိုင် | ၆/ထဝန (နိုင်) ၀၄၃၇၇၇ | ၅၀ | အဖွဲ့ဝင် | |
| ၈ | ဦးမင်းကျော်ဦး | ဦးကျော်ငြိမ်း | ၆/ထဝန (နိုင်) ၀၄၃၅၈၂ | ၄၂ | အဖွဲ့ဝင် | |

အထောက်အကူပြု ဇယားများ

(၁ကျေးရွာဖွံ့ဖြိုးရေ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၇ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၅ | ၂၃ | ၄၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၇ | ၅၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၃၇ | ၇၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၇ | ၂၀၉ | ၄၀၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၃၆ | ၅၉ |
| စုစုပေါင်း | | ၃၁၇ | ၃၃၉ | ၆၅၆ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၂ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဆန်းချီကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၁၂၂)စုနှင့် လူဦးရေ စုစုပေါင်း(၆၅၆)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၃၈)ဦးရှိပါသည်။ သို့သော် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၂%)နှင့် မှီခိုသူ(၃၈%)ခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူ့သားအရင်းအမြစ်ကောင်းများ အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်** … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းဝင်ငွေရလုပ်ငန်းများနှင့် လုပ်သားအင်အားမှာ မျှတခြင်းမရှိပေ။ ကိုယ်ပိုင်လုပ်ငန်းရှိသောသူများသည် တစ်နှစ်ပတ်လုံးအလုပ်ရှိပြီး ကိုယ်ပိုင်ဟုတ်သော လုပ်သားများအတွက် ခက်ခဲကြုံရပါသည်။ ထို့ကြောင့် လူငယ်အချို့သည် ထိုင်းနိုင်ငံ (သို့)အခြားပြည်ပနိုင်ငံများသို့ ထွက်ခွာကာ အလုပ်လုပ်ကိုင်ကြရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများသည် နွေရာသီတွင် ပိုမိုလုပ်ကိုင်ရ၍ မိုးရာသီတွင် အလုပ်ရှားပါးကြပါသည်။ သတ္တုလုပ်ငန်းများတွင် လုပ်ကိုင်နေသော လုပ်သားများမှာ အချိန်ပြည့် တစ်နှစ်ပတ်လုံး အလုပ်ရသော်လည်း ယင်းနေရာများတွင် အလုပ်လုပ်သူများသည် အန္တရာယ်များသည်။ ထို့အပြင် လုပ်သားလည်း အများအပြားမခေါ်သော အလုပ်ဖြစ်သည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ။ အလုပ်အကိုင်အခွင့်အလမ်းများကို မျှော်လင့်နေကြရပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | | ၅၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၁၅၀၀၀ | | ၅၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ပုံမှန်မဟုတ်သော နေ့စားသမားများ၏ဝင်ငွေမှာ အမျိုးမျိုးဖြစ်ပြီး အများဆုံးလုပ်ကိုင်သောအလုပ်မှာ ဥယျာဉ်ခြံနေ့စား များသည်။ တခြားအလုပ်များဖြစ်သော ပန်းရံ၊ လက်သမား၊ သတ္တုမိုင်းလုပ်သား၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်သားများလည်း ရှိသည်။ အဓိကအလုပ်အကိုင်အဖြစ် အသက်မွေးရသောအလုပ်သည် ကိုယ်ပိုင် ဥယျာဉ်ခြံနှင့် အငှားလုပ်ကိုင်သောအလုပ်ဖြစ်သည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၃၃.၆၅ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၅၅.၁၇ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၁၆၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၇၅၀.၈၂ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ယခင်က ချောင်းနံဘေးနေရာများတွင် လယ်မြေများရှိခဲ့သော်လည်း ယခုအချိန်တွင် ယင်းလယ်မြေများမှာ ချောင်းရေလျှံခြင်းနှင့် သဘာဝဘေးအန္တရာယ် များကြောင့်

ငှင်းမြေများတွင် စပါးစိုက်ပျိုး၍ မဖြစ်ထွန်းတော့ပေ။ ထိုကြောင့် နွေရာသီတွင် ကိုင်းစိုက်ရန်မျှသာ သင့်တော်တော့သည်။ ဥယျာဉ်ခြံမြေများတွင် သီးနှံများ အသင့်အတင့်ထွက်သော်လည်း စိုက်ပျိုးရေးပညာနှင့် သဘာဝမြေဩဇာများ သုံးစွဲမှု ကျွမ်းကျင်မှုမရှိသောကြောင့် ပိုးကျခြင်း၊ မြေဆီလွှာ အားနည်းခြင်းတို့ ဖြစ်ပေါ်စေသည်။

ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဆန်းချီကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်သတ္တုများ ထွက်ရှိ၍ တူးဖော်ခြင်းတို့ ပြုလုပ်လျက်ရှိသည်။ သဘာဝဓာတ်ငွေ့များနှင့် အခြားအရင်းအမြစ်များမှာ မတွေ့ရပေ။ သဘာဝတိရစ္ဆာန်များ နည်းပါးနေရခြင်းမှာ တောတောင်များ ပြုန်းတီးနေခြင်းကြောင့်ဖြစ်ပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ လက်လှမ်းမီမှု မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၅ | ၃ | |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဆန်းချီကျေးရွာအတွင်း အဆင်ပြေသော အိမ်ထောင်စုများသည် ဥယျာဉ်ခြံလုပ်ကိုင်သူများနှင့် ဈေးဆိုင်ပိုင်ရှင်များဖြစ်ကြသည်။ ဆင်းရဲသောမိသားစုများမှာ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများဖြစ်သည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅၇.၁၄ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၁၄___<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___☑___<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆန်းချီကျေးရွာအတွင်း ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အဆင့်(၃)နှင့်

(၄)မှ (၃၀%)စီကိုယူရာတွင် (၁၄)အိမ်ထောင်စု ရရှိသည်။ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ် အနည်းဆုံးစားနိုင်သည်။ အနည်းဆုံး(၁၀၀၀)ပမာဏမှ အများဆုံး(၅၀၀၀)ကျပ်အထိချေး ယူကြရသည်။ ကျေးရွာ၏ကိုယ်စားပြု အဆင့်(၃)နှင့် အဆင့်(၄) အိမ်ထောင်စုမှ အိမ်ထောင်စု(၁၄)စုကို စာရင်းကောက်ယူရာတွင် (၅၇%)မှာ ၃ လနှင့် ၆ လအတွင်း စားနိုင်ပြီး (၄၂%)မှာ ၆လ မှ ၁၂လအတွင်း မချေးမငှားဘဲ စားနိုင်သည်ကို တွေ့ရှိရ ပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၂ | ၂ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၃ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆန်းချီကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် သက်ရွယ်အို ၆၀နှစ်နှင့်အထက် ပုဂ္ဂိုလ်များ၊ အမျိုးသမီးများ ဦးဆောင်သည့် အိမ်ထောင်စုများမှာ ထိခိုက်အလွယ်ဆုံး ဖြစ်သည်။ မုဆိုးဖို တစ်ခုလပ်ဦးဆောင်သည့် မိသားစုများမှာလည်း ထိခိုက်လွယ်မှုတို့ဖြစ်နိုင်ပါသည်။ ထိုသူတို့သည် ကျပန်းလုပ်၍ ဝမ်းစာရေးကို ဖြေရှင်းနေရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆန်းချီကျေးရွာ၏ ထိခိုက်လွယ်မှု အခြေအနေမှာ နှစ်စဉ် မိုးရာသီ ရေလွှမ်းခြင်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်မှာ တစ်ခါတစ်ရံကျရောက်သော်လည်း ဆိုးရွားမှု မရှိလှပါ။ ကျေးရွာတွင် အများအားဖြင့် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါတို့ အဖြစ်များပါသည်။**

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော မိသားစုများရှိ၍ ထိခိုက်သက်ရောက်ခံရနိုင်ပါသည်။ တခါတရံမှ ဖြစ်တတ်သော မြစ်ရေလျှံခြင်းများကြောင့်လည်း မြစ်ကမ်းဘေးတွင် နေထိုင်သူတို့ အတွက် ထိခိုက်နိုင်ပါသည်။ ဆင်းရဲခြင်း၊ စားနပ်ရိက္ခာ မဖူလုံခြင်းစသည့် အကြောင်းတရားများသည် ထိခိုက်နိုင်သည့် အကြောင်းအရင်းများဖြစ်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | မိဘဆရာအသင်း | ၁☐ ၂☐ ၃☑ | ၁၀ | ၁၀ | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | မိခင်နှင့်ကလေး | ၁☐ ၂☑ ၃☐ | | ၁၀ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
